# ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲ

### *ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများလက်စွဲဆိုသည်မှာအဘယ်နည်း ?*

STREAM၏ပိုမိုအကျိုးရှိစေသောလုပ်ငန်းလက်စွဲသည်အာရှနှင့်ပစိဖိတ်ဒေသတွင်းလုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများကိုမျှဝေပေးရန်ထုတ်ဝေပေးခြင်းဖြစ်ပါသည်။ဆင်းရဲနွမ်းပါးသူများ၏အသက်မွေးဝမ်းကြောင်းမှုများကိုပံ့ပိုးနိုင်ရန်ရည်ရွယ်ပြီးရေနေသက်ရှိသယံဇာတများကိုထိန်းသိမ်းစောင့်ရှောက်လျက်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ငါးလုပ်ငန်းဆိုင်ရာပေါ်လစီချမှတ်သူများအတွက်ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

### *မည်သည့်အတွက်ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဟုခေါ်ပါသနည်း ?*

မိမိတို့၏လုပ်ငန်းများတွင်လိုအပ်သော ဗဟုသုတ၊ကျွမ်းကျင်မှု၊စွမ်းဆောင်မှုအရည်အသွေးနှင့်လက်တွေ့အကောင်အထည်ဖေါ်ခြင်းမှာတိုးတက်လာစေရန်နည်းလမ်းပြသခြင်းကြောင့်ဖြစ်ပါသည်။

### *မည်သူတွေအတွက်ရည်ရွယ်ပါသလဲ ?*

အောက်ပါအဖွဲ့အစည်းများ၊တာဝန်ရှိသူများအတွက်ရည်ရွယ်ပါသည်။

- ငါးလုပ်ငန်းဖွံ့ဖြိုးရေးဝန်ထမ်းများ
- ကွင်းဆင်းတာဝန်ခံများ
- ကျေးလက်စည်းရုံးရေးမှူး/ တာဝန်ခံများ

} ဆင်းရဲနွမ်းပါးသူများနှင့်တိုက်ရိုက်ထိတွေ့နေရသူများ

- ကျေးရွာအုပ်စုခေါင်းဆောင်များ(ရန်ကာများ)[၁]
- ကိုယ်ထူကိုယ်ထအဖွဲ့အစည်းများ
- NGO များ
- ဌာနဆိုင်ရာတာဝန်ရှိသူများ
- ရံပုံငွေအလှူရှင်များ
- ဤလက်စွဲစာစဉ်ကိုအသုံးချရန်လိုအပ်သူများ

### *မည်သည့်အတွက်အကောင်းဆုံးလုပ်ငန်းဟုမဖေါ်ပြပဲပိုမိုကောင်းမွန်သောလုပ်ငန်းဟုဖေါ်ပြပါသနည်း ?*

မိမိတို့သည်အကောင်းဆုံးကိုရရှိရန်အမြဲဦးတည်ဆောင်ရွက်နေကြပါသည်။ သစ်ဆန်းသောဗဟုသုတများ၊နည်းပညာကျွမ်းကျင်မှုများ၊ လိုအပ်ချက်အရပြောင်းလဲရသောလုပ်နည်းလုပ်ဟန်များရှိပါသည်။ လက်ရှိ အခြေအနေကိုပိုမိုတိုးတက်လာစေရန်မိမိတို့လက်ဝယ်ရှိသောအတွေ့အကြုံသခ်န်းစာများကိုအမြဲတစေဖေါ်ပြနေမည်သာဖြစ်ပါသည်။

### *မည်သူတွေကပြုစုဖေါ်ထုတ်ပါသလဲ ?*

လယ်ယာလုပ်သားများ၊ ရေလုပ်သားများ၊ ရေလုပ်ငန်းဆက်စပ်လုပ်ငန်းဆောင်ရွက်သူများ၊ ကျွမ်းကျင်သူပညာရှင်များ သည်လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများကိုဖေါ်ထုတ်နေမည်သာဖြစ်ပါရာ ထိုအချက်များကိုSTREAM ကစုစည်း တင်ပြသွားမည်ဖြစ်ပါသည်။

### *လက်စွဲစာစဉ်တွေကိုဘယ်လိုရနိုင်ပါသလဲ ?*

လက်စွဲစာစဉ်များကိုအာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံအသီးသီးမှာဖွင့်လှစ်ထားသော STREAM ဌာနေရုံး သတင်းနဲ့ဆက်သွယ်ရေးတာဝန်ခံ(Communication Hub Manager) ကဘာသာပြန် ကိုဖြန့်ချိပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာအခြေစိုက်ထားတဲ့ STREAM ဒေသတွင်းရုံးချုပ်မှာလဲရနိုင်ပါတယ်။ ဒါမှမဟုတ် အင်တာနက်မှာအောက်ပါလိပ်စာအတိုင်းကြည့်ရှု့ကူးယူနိုင်ပါတယ်။
http://www.streaminitiative.org/Library/bpg/index.html

### *သင့်အနေဖြင့် ...*

အကြောင်းအရာများပိုမိုသိရှိလိုပါသလား ? အကြံပြုရန်များရှိပါသလား မိမိနိုင်ငံအတွင်းမှာရှိနေတဲ့ STREAM သတင်းနဲ့ဆက်သွယ်ရေးတာဝန်ခံနဲ့ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

၁ အိန္ဒိယနိုင်ငံရှိကိုယ်ထူကိုယ်ထအဖွဲ့များတွင်လေ့ကျင့်သင်တန်းပေးထားသောခေါင်းဆောင်များဖြစ်ပါသည်။